The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၁၀) ၊ အမှတ်(၄) ၊ ဧပြီလ၃၀ ၊ ၂၀၂၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# စစ်အုပ်စု၏ လေကြောင်းဖြင့် ခြိမ်းခြောက်မှုနှင့် စစ်ရေးဖိအားပေးမှုများကြောင့် ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်များမှ စစ်ဘေးရှောင်ပြည်သူ ၅,၀၀၀ ကျော် စစ်ဘေးလွတ်ရာတွင် ဆက်လက် ခိုလှုံနေရ



ဧပြီလ ၂၉

Mon State, သထုံခရိုင်၊ ဘီးလင်းမြို့နယ်နှင့် Kyaik Hto Townships ရှိ စစ်ကောင်စီ၏ လေကြောင်း ဗုံးကြဲတိုက်ခိုက်ခံထားရသည့် ကျေးရွာစုစုပေါင်း ၆ ရွာမှ မင်းစောနှင့် တဂေးလောင်း(ထီးချီဘော) ရွာနှစ်ရွာမှ စစ်ရှောင်သူ ၅၀၀၀ ထောင်ကျော်မှာ ယနေ့အထိ စစ်အုပ်စု၏ လေကြောင်းခြိမ်းခြောက်မှုများကြောင့် နေရပ်ရင်းကို ပြန်လည်အခြေချခြင်းမပြုနိုင်သေးကြောင်း သိရသည်။

ဆက်လက်ဖတ်ရှုရန် ........... စာမျက်နှာ (၄) သို့ >>>>

## Hots News

### မြေမြှုပ်မိုင်းကြောင့် ခြေထောက်တစ်ဖက်ဆုံးရှုံးခဲ့ရသူတစ်ဦး၏ စကားသံ




စာမျက်နှာ ၆

### မွန်ပြည်နယ်တွင် လုယက်မှုနှင့်ဆက်နွယ်သော သတ်ဖြတ်ခံရမှု ပိုမိုဖြစ်ပွားလာ




စာမျက်နှာ ၈

### တိုက်ပွဲဖြစ်ပွားနေသည့်ဒေသများတွင် စစ်ကောင်စီက အင်တာနက်နှင့်ဖုန်းလိုင်း ဖြတ်တောက်ထား




စာမျက်နှာ ၉

## အတွင်းဘက်မှာ ဖတ်ရှုရန်

1 သလွဲထော်ကျေးရွာကို (၅) ရက်ဆက် ဗုံးကြဲမှုကြောင့် အရပ်သား (၁) ဦး သေဆုံးပြီး (၃) ဦး ဒဏ်ရာရ
စာမျက်နှာ- ၁၀

2 မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်
စာမျက်နှာ- ၁၃

3 ၂၀၂၅ ဇန်နဝါရီလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၄

4 မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း
စာမျက်နှာ- ၂၀

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# ယာယီအပစ်ရပ်ကာလနှင့် သင်္ကြန်ကာလအတွင်း စစ်ကောင်စီက ပြည်သူများကို ဆက်လက်သတ်ဖြတ်နေ

## (၂၀၂၅ ဧပြီလအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၁၀) အမှတ် (၄) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန် တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေ လျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက် မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၅ ဧပြီလတွင် မြို့နယ် (၁၃) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်းအပုဒ် (၃၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

၂၀၂၅ မတ် (၂၈) ရက်နေ့တွင် မြန်မာနိုင်ငံ၌ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ပြီး လူပေါင်း (၅,၀၀၀) နီးပါး သေဆုံးကာ ထိခိုက်ဒဏ်ရာနှင့် ပျက်စီးဆုံးရှုံးမှု များပြားခဲ့သည်။ ၎င်းနောက် စစ်ကောင်စီက ပြန်လည်ထူထောင်ရေးလုပ်ရန်ဟုဆိုကာ ယာယီအပစ်အခတ်ရပ်စဲရေးကို (၂) ကြိမ် ကြေညာခဲ့သည်။

ပထမအကြိမ် ယာယီအပစ်ရပ်ကာလသည် ၂၀၂၅ ဧပြီလ (၂) ရက်နေ့မှ (၂၂) ရက်နေ့အထိ လည်းကောင်း၊ ဒုတိယအကြိမ် ယာယီအပစ်ရပ်ကာလသည် မေ (၂၃) ရက်နေ့မှ (၃၀) ရက် နေ့အထိလည်းကောင်း သတ်မှတ်သည်ဟု စစ်ကောင်စီက ကြေညာခဲ့သည်။

ထိုသို့ အပစ်ရပ်ကြေညာထားသည့်အပြင် မြန်မာနိုင်ငံသားများ အထွဋ်အမြတ်ထားသည့် သင်္ကြန်ကာလနှင့်ပါ ကြုံကြိုက်နေသော်လည်း စစ်ကောင်စီက အရပ်သားပြည်သူများကို ပစ်မှတ်ထား တိုက်ခိုက်သတ်ဖြတ်မှုများကို ဆက်လက်ကျူးလွန်နေဆဲ ဖြစ်သည်။

ယာယီအပစ်ရပ်ကာလနှင့် သင်္ကြန်ကာလအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက် ခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်းနှင့် စစ်ကြောင်းထိုးခြင်းတို့ကြောင့် အရပ်သား (၁၆၀) ကျော် သေဆုံးခဲ့ရကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြကြသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဒေသများဖြစ်သည့် မွန်နှင့် ကရင်ပြည်နယ်များတွင်လည်း ပြင်းထန်သည့်လေကြောင်းတိုက်ခိုက်မှုများကို လုပ်ဆောင်ကာ အရပ်သားပြည်သူများအပြင် ရဟန်းသံဃာတော်များကိုပါ သတ်ဖြတ်ခဲ့သည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့အနီးရှိ ကျေးရွာများကို ဧပြီလ (၁၄) ရက်နေ့မှစ၍ လေကြောင်းတိုက်ခိုက်မှုအပြင်းအထန်လုပ်ဆောင်ခဲ့ရာ ပြည်သူ (၂၀) နီးပါး သေဆုံးပြီး ကျေးရွာ (၃၀) မှ ဒေသခံ (၁) သိန်းနီးပါး ထွက်ပြေးတိမ်းရှောင်နေရသည်။

ဧပြီလ (၁၉) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် မင်းစောကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် ကိုရင် (၁) ပါးအပါအဝင် (၃) ဦး သေဆုံးပြီး (၉) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

အပစ်ရပ်သည်ဟု ကြေညာထားသော်လည်း ထိုးစစ်ဆင်ခြင်းနှင့် တိုက်ခိုက်သတ်ဖြတ်မှုများကို ဆက်လက်လုပ်ဆောင်နေသဖြင့် စစ်ကောင်စီ၏ အပစ်အခတ်ရပ်စဲရေးကြေညာချက်ကို “အလိမ်အညာ” ဟု အမျိုးသားညီညွတ်ရေးအစိုးရက ပြောဆိုထားသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၅ ဧပြီလ



**အပစ်ရပ်ကာလနှင့် သင်္ကြန်ကာလအတွင်းစစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်ခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်းနှင့် စစ်ကြောင်းထိုးခြင်းတို့ကြောင့် အရပ်သား (၁၆၀) ကျော် သေဆုံး**



# စစ်အုပ်စု၏ လေကြောင်းဖြင့် ခြိမ်းခြောက်မှုနှင့် စစ်ရေးဖိအားပေးမှုများကြောင့် ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်များမှ စစ်ဘေးရှောင်ပြည်သူ ၅,၀၀၀ ကျော် စစ်ဘေးလွတ်ရာတွင် ဆက်လက် ခိုလှုံနေရ

**ဧပြီလ ၂၉, ၂၀၂၅**

Mon State, သထုံခရိုင်၊ ဘီးလင်းမြို့နယ်နှင့် Kyaik Hto Townships ရှိ စစ်ကောင်စီ၏ လေကြောင်း ဗုံးကြဲတိုက်ခိုက်ခံထားရသည့် ကျေးရွာစုစုပေါင်း ၆ ရွာမှ မင်းစောနှင့် တဂေးလောင်း(ထီးချီဘော) ရွာနှစ်ရွာမှ စစ်ရှောင်သူ ၅၀၀၀ ထောင်ကျော်မှာ ယနေ့အထိ စစ်အုပ်စု၏ လေကြောင်းခြိမ်းခြောက်မှုများကြောင့် နေရပ်ရင်းကို ပြန်လည်အခြေချခြင်းမပြုနိုင်သေးကြောင်း သိရသည်။ နေ့စဉ်ဆိုသလို စစ်ကောင်စီ၏ spy aircrafts and drone survelliance တို့ကြောင့် ဌာနေပြည်သူများမှာ မထင်မှတ်ပဲ တိုက်ခိုက်ခံရမည်ဆိုသည့် စိတ်ဒဏ်ရာများဖြင့် ပြန်လည်အခြေချနေထိုင်ရန် မဝံ့ရဲသေးသဖြင့် သက်ဆိုင်ရာ ERO နယ်မြေများတွင် ခိုလှုံနေရကြောင်း၊ စားသောက်ရေးနဲ့ sheltering ကိစ္စများ ပိုမိုခက်ခဲလာကြောင်းနှင့် မကြာခင် ကျရောက်လာတော့မယ် မိုးရာသီနဲ့ နေရာသစ်တွင် livelihood ခက်ခဲခြင်းနဲ့ humantarian aids တို့မှာ လိုအပ်ချက်နဲ့ service အလွန်ကွာဟနေခြင်းကြောင့် IDP ဆက်လက် ထောက်ပံ့နိုင်ရေးမှာ များစွာခက်ခဲကြောင်း သိရသည်။

"စစ်အုပ်စု၏ areal bombing ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် နောက်ဆုံး တိုက်ခိုက်ခံရမှုမှာ Min Saw village, Tagaylaung village tract, Bilin Township, Mon State ဖြစ်ပြီး ပြီးခဲ့သည့် ဧပြီလ ၁၉ ရက်နေ့တွင်ဖြစ်ပွားခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုပါနဲ့ဆို Tagaylaung vil-

lage tract က နှစ်ကြိမ်ဖြစ်ခဲ့တယ်၊ ပြီးခဲ့တဲ့ ၂၀၂၅ ဖေဖော်ဝါရီလ ၉ရက် နေ့လယ်အချိန်တွင် စစ်ကောင်စီဂျက်ဖိုက်တာမှ ပေါင်၅၀၀ဗုံးသီးတစ်လုံး လာရောက်ကျဲချခဲ့ပြီး ဘုန်းကြီးကျောင်း၊ နေအိမ်အပါအဝင် လူတွေထိခိုက်သေဆုံး ပျက်စီးသွားတယ်" လို့ အသက် ၅၆ နှစ်အရွယ် ကရင်အမျိုးသား ဒေသခံရွာသားက မနေ့က ပြောဆိုပါသည်။ ဒီလိုတိုက်ခိုက်မှုတွေကြောင့် အိမ်ထောင်စု ၇၀၀ ကျော်ရှိတဲ့ ဒီ village tract ဟာ အခုဆိုရင် အကုန်လုံးနီးပါး (လူဦးရေ ၂၆၀၀) ခန့် နေရပ်ရင်းကနေ KNU controlled နယ်မြေတွေထဲကို ယနေ့တိုင် ထွက်ပြေးခိုလှုံနေကြရပါတယ်။
ထို့အတူပဲ ဒီဒေသထဲရှိ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်ခံရဖူးသည့် ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာအချို့တို့သည်လည်း IDP များအဖြစ် စတင်တိုက်ခိုက်ခံခဲ့ရသည့်


ဖေဖော်ဝါရီလ ၁၃ ရက်မှစပြီး နေရပ်ရင်းကို စွန့်ခွာက စစ်ဘေးဒုက္ခသည်များအဖြစ် ကျန်ရှိနေသေးသည့် လူဦးရေ ၂၄၀၀ ကျော်ရှိနေသေးကြောင်း service providers များက ပြောပြခဲ့သည်။ "ကျိုက်ထိုမြို့နယ်၊ Painnae Gone ကျေးရွာနှင့် အနီးနားဝန်းကျင် 3 villages က ရွာသားတွေဖြစ်တယ်။ သူတို့ရွာကို စစ်ကောင်စီက ၅၀၀ lb ဗုံးကြဲတိုက်ခိုက်သောကြောင့် အရပ်သား သုံးဦးသေဆုံးကာ ၁၀ ဦးထက်မနည်း ထိမှန်ဒဏ်ရာရခဲ့တယ်။ အဲဒီနေ့ကစပြီး စစ်ကောင်စီလေယာဉ်တို့ဟာ အခု Min Saw, Tagaylaung villagers တွေကဲ့သို့ပဲ areal survillence ပုံစံနဲ့ အမြဲ spy လုပ်နေတဲ့အတွက် ပြည်သူတွေ အိမ်မပြန်ရဲပဲ အခုလက်ရှိနေရာမှာ ခက်ခဲစွာ သူတို့ အသက်ဆက်နေကြတယ်" ဟု ဒေသတွင်း CSO အဖွဲ့ဝင်တဦးက ပြောဆိုပါတယ်။

"အစတော့ sheltering ကိစ္စခက်ခဲတယ် အခုတော့ ဒေသက သစ်၊ ဝါးတွေနဲ့ စုပေါင်းနေထိုင်တဲ့ တဲတွေ လုပ်ပြီး နေထိုင်ကြတယ်။ အခုတော့ မိုးကလည်း စရွာဖို့ ပြင်နေပြီဆိုတော့ ရှေ့ဆက်ပိုမိုခက်ခဲမယ်လို့ တွက်ဆတယ်။ ပိုပြီး စိုးရိမ်တာက စစ်အုပ်စုတို့ကလည်း လေကြောင်းနဲ့ နေ့တိုင်းအနိုင်ကျင့်နေတော့ ကျတော်တို့တွေ နေရာသစ်မှာတောင် livelihood အတွက် အေးအေးဆေးဆေးလုပ်ဖို့ အခွင့်အရေးမရဘူး။ တဖက်မှာလည်း humantarians aids ကလည်း မလောက်ငှဘူး။ ဒါကြောင့် ဒီမိုးရာသီကို ဘယ်လိုပုံစံနဲ့ ရှေ့ဆက်ရမလဲ မတွေးတတ်ဘူး။ ကလေးတွေ မိုးရာသီနဲ့အတူပါလာမယ့် ရာသီပေါ် ရောဂါတွေ မခံစားရပါစေနဲ့လို့ ဆုတောင်းပါတယ်။" ဟု အသက် ၄၀ အရွယ် IDP လည်းဖြစ်၊ ဒေသတွင်း ကူညီကယ်ဆယ်ရေးတွင်လည်း ပါဝင် volunteer လုပ်နေသူ လူတဦးက ပြောပြသည်။

ယခု KNU Brigade No. 1 တွင် ခိုလှုံနေထိုင်သူ စစ်ဘေးရှောင်အများစုမှာ ဌာနေဒေသများတွင် ရာဘာခြံ၊ တောင်ယာ၊ လယ်ယာနှင့် မွေးမြူရေးတို့ဖြင့် အသက်မွေးလုပ်ငန်းကိုသာလုပ်ကိုင်ကြရပြီး စစ်အာဏာမသိမ်းခင် နှစ်များအထိ မိမိနေအိမ်၌ကောင်းစွာ နေထိုင်အလုပ်လုပ်ကိုင်နေသူများဖြစ်ခဲ့သည်။ စစ်အာဏာသိမ်းပြီး ဒုတိယနှစ်မှစ၍ စစ်ကောင်စီ၏ စစ်ရေးဖိအားပေးပစ်မှတ်ဒေသများအဖြစ် သတ်မှတ်ခံရကာ aeral attacks, and indiscriminated Artillery attacks တို့ဖြင့် အဆက်မပြတ် တိုက်ခိုက်ခံရပြီး နေရရင်းကနေ မကြာခဏထွက်ပြေးနေရသူများဖြစ်လာခဲ့သည်။ "အဓိကဖြစ်တဲ့ ရေရှည်ရပ်တည်ဖို့လိုတဲ့ လုံခြုံတဲ့ အခြေအနေမှာ အလုပ်လုပ်ခွင့်ရှိမနေဘူးဆိုရင် ကျတော်တို့ ဒီနေရာမှာလည်းပဲ ကြာရှည်ရပ်တည်သွားနိုင်မှာ မဟုတ်ဘူး။ စစ်အုပ်စုရဲ့ စစ်ရေးဖိအားက တနေ့ထက် တနေ့ ပိုပြီး ကြီးလာတယ်။ ကျတော်တို့ ဒီ့ထက်ပိုကောင်းတဲ့ နေရာသစ်ကိုလည်း ရှာမတွေ့သေးဘူး" ဟု ဟုလည်း စစ်ရှောင်များကိုအကူအညီပေးနေသည့် တခြား Emergency Response team members တဦးက ဆက်ပြောသည်။

# မြေမြှုပ်မိုင်းကြောင့် ခြေထောက်တစ်ဖက်ဆုံးရှုံးခဲ့ရသူတစ်ဦး၏ စကားသံ





၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းအန္တရာယ်သည် တဖန်ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ စစ်ရေးတင်းမာမှုမြင့်တက်လာသည့် ၂၀၂၃ ခုနှစ်တွင် စစ်ကောင်စီတပ်သာမက တော်လှန်ရေးတပ်ဖွဲ့များကပါ မြေမြှုပ်မိုင်းကို တိုက်ပွဲနေရာတွင်သာမက လူနေဝန်းကျင်များတွင်ပါ အသုံးပြုလာသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုများ ခပ်စိတ်စိတ်ဖြစ်ပွားလာပြီး လူထိခိုက်သေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်း၊ သက်မွေးဝမ်းကျောင်းမှုလုပ်ငန်းထိခိုက်ခြင်းနှင့် မလုံခြုံမှုအောက်တွင် အကြောက်တရားနှင့် နေထိုင်နေရခြင်းတို့ ဖြစ်ပွားလာသည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့်ထိခိုက်ဒဏ်ရာရခဲ့သူ မွန်ပြည်နယ်မှ အသက် (၆၁) နှစ်အရွယ် အမျိုးသားတစ်ဦးကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်က ခြံထဲမှာပဲ နေတယ်။ ၂၀၂၄ မတ်လ (၁၃) ရက်နေ့ မနက် (၈) နာရီလောက်မှာ ခြံကနေ ရေးမြို့နယ် မော့ကနင်ကျေးရွာ ကြိုးတံတားဘက်ကို စျေးသွားဝယ်တာ။ လမ်းကလည်း

ခြံတွေကြားကနေ ဖြတ်သွားရတယ်။ စျေးဝယ်ပြီးအပြန်မှာ တစ်ခုခုနင်းမိသလိုဖြစ်ပြီး ဘယ်လို ဖြစ်သွားလဲ မသိတော့ဘူး။ မိုင်းပေါက်ကွဲပြီး ခြေထောက်က အသားစတွေ ပြုတ်ထွက်ကုန်တယ်။ ကျွန်တော်က အော်ဟစ်အကူအညီတောင်းတော့ အနီးအနားက ကရင်လက်နက်ကိုင်အဖွဲ့က လာ ကယ်တယ်။ အမှန်ကတော့ သူတို့ထောင်ထားတဲ့မိုင်း ဖြစ်ဖို့များတယ်။ သူတို့က ဘာပြောလဲဆို တော့ "မိုင်းထောင်ထားတာ မသိဘူးလား။ မအော်နဲ့၊ ခြေထောက်အတု ထည့်လို့ရသေးတယ်" တဲ့။ အဲလိုပြောပြီး လမ်းမအထိ ပို့ပေးတယ်။ ပြီးတော့ ကယ်ဆယ်ရေးကားတစ်စီး ခေါ်ပေးတယ်။

"ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး။ ကုန်ကျစရိတ်သက်သာအောင် လမိုင်းပြည်သူ့ဆေးရုံကို သွား တယ်။ ဒါပေမဲ့ ဒဏ်ရာကပြင်းတော့ ဆေးရုံက မော်လမြိုင်ဆေးရုံကြီးကို လွှဲလိုက်တယ်။ ညာဘက်ခြေထောက်က ခြေမျက်စိနဲ့ ဖနောင့်ပဲ ကျန်တယ်။ ကျန်တာအကုန်လုံး ပြုတ်ထွက်သွား တယ်။ ခုက ဒူးအောက်ကနေ ဖြတ်လိုက်ရတယ်။ လက်တွေလည်း ပြဲထွက်သွားတယ်။ ပေါင်မှာ ရှိတဲ့အသားတွေကို လက်မှာလာကပ်ထားရတယ်။ ထိတဲ့သူတွေထဲမှာ ကျွန်တော် အဆိုးဆုံးပဲလို့ ထင်တယ်။

"မော်လမြိုင်ဆေးရုံကြီးမှာ (၁) လလောက် ဆေးကုလိုက်ရတယ်။ မိန်းမက နှလုံးရောဂါရှိတော့ ဆေးရုံကို လိုက်လာလို့ အဆင်မပြေဘူး။

"မော်လမြိုင်မှာ ဆေးကုနေတုန်း ရွာကအသိတစ်ယောက်က လာပြောတယ်။ ကရင်ပြည်နယ် ဘားအံက အဖွဲ့တစ်ဖွဲ့က ဆက်သွယ်လာတယ်တဲ့။ သူတို့က ခြေတုကို အလကားထည့်ပေးမယ် တဲ့။ ဘားအံမှာ ခြေတု ထည့်ပြီးတော့ "ဘားအံကျန်းမာရေးကူညီမှုအသင်း" က လမ်းစရိတ်ဆိုပြီး ပိုက်ဆံ (၆) သိန်းပေးတယ်။ အဲဒါနဲ့ ရွာကို ပြန်လာတယ်။

"ရွာပြန်ရောက်တော့ ခြေထောက်ကနာနေသေးတော့ ညဘက်တွေ အိပ်လို့မရဘူး။ လမ်းလျှောက် လို့လည်း မလွယ်ဘူး။ ယောက္ခမအိမ်မှာ တောင်းပန်ပြီး နေ့နေရတယ်။ အိမ်တွေ ခြံတွေလည်း မ ရှိဘူးလေ။ အရင်ကဆို သူများခြံမှာ လိုက်လုပ်နေတာ။ အခု အလုပ်လုပ်လို့မရတော့ သားသမီး လုပ်စား ထိုင်စားနေရတယ်။ သူတို့ကလည်း မပြေလည်ဘူး။ ဆေးခန်းတစ်ခါပြဖို့ သမီးက ချေးငွား ပေးနေရတယ်။ ကြာလာတော့ သားသမီးတွေကို အားနာလာတယ်။

"မိုင်းထိပြီးနောက်တစ်နေ့မှာ စစ်ကောင်စီတပ်သားတွေ အိမ်ကိုရောက်လာပြီး "ဘယ်နေရာမှာ ဘယ်လိုပုံစံနဲ့ မိုင်းထိတာလဲ၊ မှန်မှန်ပြော မလိမ်နဲ့" ဆိုပြီး လာမေးတယ်။ ဒီကနေ့အထိ ဘယ် အဖွဲ့အစည်းကမှ တာဝန်ယူပေးတာ မရှိပါဘူး။ နိုင်ငံရေးပြန်ကောင်းလာရင် ဘာမှမတောင်းဆိုပါ ဘူး။ အေးချမ်းမှုနှင့် ငြိမ်းချမ်းမှုကိုပဲ လိုချင်တယ်။ (မိုင်းထောင်တဲ့သူတွေကို) အရေးယူဖို့ဆိုတာက လည်း ကိုယ့်ဘက်မှာ ဘာမှမရှိဘူးလေ။ ကံမကောင်းလို့ ဒီလိုကြုံရတာပဲလို့ မှတ်ယူလိုက်တယ်"

> "
> ရွာပြန်ရောက်တော့ ခြေထောက်ကနာနေသေးတော့ ညဘက်တွေ အိပ်လို့မရဘူး။ လမ်းလျှောက်လို့လည်း မလွယ်ဘူး။ ယောက္ခမ အိမ်မှာ တောင်းပန်ပြီး နေ့နေရတယ်။ အိမ်တွေ ခြံတွေလည်း မရှိဘူးလေ။ အရင်ကဆို သူများခြံမှာ လိုက်လုပ်နေတာ။ အခု အလုပ် လုပ်လို့မရတော့ သားသမီးလုပ်စား ထိုင်စားနေရတယ်။ သူတို့ကလည်း မပြေလည်ဘူး။ ဆေးခန်းတစ်ခါပြဖို့ သမီးက ချေးငွားပေး နေရတယ်




# မွန်ပြည်နယ်တွင် လုယက်မှုနှင့်ဆက်နွယ်သော သတ်ဖြတ်ခံရမှု ပိုမိုဖြစ်ပွားလာ

**ဧပြီ ၂၇၊ ၂၀၂၅**

အာဏာသိမ်းပြီးနောက်ပိုင်း တရားဥပဒေစိုးမိုးမှု အားနည်းလာခြင်းကြောင့် မွန်ပြည်နယ်တွင် ခိုးမှု၊ လုယက်မှုနှင့် ဓားပြမှုများ ပိုမိုဖြစ်ပွားလာပြီး အဆိုပါအမှုများနှင့်ဆက်နွယ်သော သတ်ဖြတ်ခံရမှုများလည်း ပိုမိုဖြစ်ပွားလာသည်။

ဧပြီလ (၂၃) ရက်နေ့တွင် လင်မယားနှစ်ဦးသည် သံဖြူဇရပ်မြို့နယ်ရှိ ဆိုင်ကယ်တက္ကစီဂိတ်မှ ဆိုင်ကယ်တက္ကစီးတစ်စီးကို ငှားရမ်းခဲ့သည်။ ၎င်းနောက် အဆိုပါလင်မယားက ဆိုင်ကယ်အငှားမောင်းသူက သတ်ဖြတ်ကာ ဆိုင်ကယ်ကို လုယူသွားခဲ့သည်။ အလောင်းကို လမ်းဘေးတစ်နေရာတွင် စွန့်ပစ်ထားခဲ့သည်။

“လူပျောက်နေတာကို ရဲတွေကို သွားတိုင်တယ်။ ရဲတွေက ဘာမှ အကူအညီမပေးဘူး။ နောက်ဆုံးတော့ သားဖြစ်သူကိုယ်တိုင် သူ့အဖေကို လိုက်ရှာတာ။ နောက်နေ့ (ဧပြီ (၂၄) ရက်နေ့) နေ့လယ်အချိန်လောက်မှာ စခန်းကြီးရွာဘက်မှာ အလောင်းကို တွေ့တယ်။ လည်ပင်းမှာ ဓားနဲ့လှီးထားတဲ့ဒဏ်ရာနဲ့။ ဆိုင်ကယ်လည်း မရှိတော့ဘူး။ သူတို့ယူသွားတယ်။ ခုထိ ဖမ်းလို့မမိသေးဘူး” ဟု ဒေသခံတစ်ဦးက ပြောသည်။

သတ်ဖြတ်ခံရသူသည် သံဖြူဇရပ်မြို့နယ် ပငကျေးရွာမှ အသက် (၆၀) အရွယ် ဦးစံသိန်းဆိုသူဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ဧပြီလတတိယအပတ်တွင်လည်း သံဖြူဇရပ်မြို့နယ် ဝယ်သွန်ချောင်ကျေးရွာတွင် အုပ်စုလိုက်အလှူခံသည့်ပုံစံ အယောင်ဆောင်ပြီး နေအိမ်မှ ရွှေငွေနှင့် အဖိုးတန်ပစ္စည်းများကို ယူဆောင်သွားခဲ့သည်ဟု ဒေသခံများက ပြောသည်။

“ဧပြီလ (၂၃) ရက်နေ့က သူတို့က ကားနဲ့ အုပ်စုလိုက်လာတယ်။ သူတို့က လမ်းမကြီးဘက်က အိမ်တွေကို မဝင်ဘူး။ အလယ်ပိုင်းနဲ့ အောက်ပိုင်းက အိမ်တွေကိုပဲ ရွေးဝင်တယ်။ အိမ်ရှင်တွေကို တို့ဆေးနဲ့တို့ပြီး ရွှေငွေတွေကို ယူသွားတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် ဧပြီလ (၁၁) ရက်နေ့တွင်လည်း ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ ကျိုက်မင်ဝဘုရားသို့ သွားရာလမ်းတွင် ဆွဲကြိုးလုယက်ရာမှ ဆိုင်ကယ်မှောက်ပြီး ညီအစ်မ (၂) ဦး အသက်ဆုံးရှုံးခဲ့ကြောင်း ဒေသခံများက ပြောသည်။

လုယက်မှုကျူးလွန်သူများကို အာဏာပိုင်များက ယနေ့အချိန်အထိ ဖမ်းဆီးရမိခြင်းမရှိသေးကြောင်း သိရသည်။




# တိုက်ပွဲဖြစ်ပွားနေသည့်ဒေသများတွင် စစ်ကောင်စီက အင်တာနက်နှင့်ဖုန်းလိုင်း ဖြတ်တောက်ထား

**ဧပြီ ၂၃၊ ၂၀၂၅**

လတ်တလောတွင် တိုက်ပွဲဖြစ်ပွားနေသည့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်များတွင် စစ်ကောင်စီက အင်တာနက်နှင့်ဖုန်းလိုင်းများကို ဖြတ်တောက်ထားသဖြင့် ဒေသခံပြည်သူများ အဆက်အသွယ်ပြုလုပ်ရန် အခက်အခဲဖြစ်နေကြောင်း သိရသည်။

၂၀၂၅ ဧပြီလ (၁၄) ရက်နေ့မှစ၍ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့အနီးတဝိုက်တွင် (၁) ပတ်ကျော်ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် အနီးအနားရှိ ကျေးရွာ (၁၀) ရွာကို စစ်ကောင်စီက အင်တာနက်နှင့်ဖုန်းလိုင်းများ ဖြတ်တောက်ထားသည်။

“ဖုန်းလိုင်းကတော့ ရတစ်ချက် မရတစ်ချက်ပဲ။ စစ်တပ်က ဖြတ်လိုက်တာ ထင်တယ်။ ရွာမှာလူသိပ်မရှိတော့ပေမဲ့ အိမ်စောင့်၊ ရွာစောင့်လောက်တော့ ကျန်သေးတယ်။ သူတို့ကို အခြေအနေမေးဖို့ ဘယ်လိုမှ ဆက်သွယ်လို့ မရဘူး။ ကိုယ်က ဘေးလွတ်ရာရောက်နေပေမဲ့ အိမ်မှာကျန်ခဲ့တဲ့သူတွေကို ဆက်သွယ်လို့မရလို့ စိတ်ပူနေရတယ်” ဟု စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

အလားတူ ဧပြီလ (၂၀) ရက်နေ့တွင်လည်း တနင်္သာရီတိုင်း ရေဖြူမြို့နယ် မင်းသားကျေးရွာအုပ်စုတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် အနီးအနားကျေးရွာများကို စစ်ကောင်စီက အင်တာနက်နှင့် ဖုန်းလိုင်းများ ဖြတ်တောက်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

မင်းသားကျေးရွာအုပ်စုတွင် စစ်ကောင်စီက ရေလမ်းခရီးမှတဆင့် အင်အားဖြည့်တင်းနေပြီး တော်လှန်ရေးတပ်ဖွဲ့များနှင့် စစ်ရေးတင်းမာနေသည်။

စစ်ကောင်စီက အင်တာနက်နှင့်ဖုန်းလိုင်းများကို ဖြတ်တောက်ထားသည့်အပြင် မြို့ဝင်မြို့ထွက် စစ်ဆေးရေးဂိတ်များကိုလည်း ပိတ်ဆို့ကာ ဖြတ်သန်းသွားလာခွင့်ကို ကန့်သတ်ထားသည်။



# သလွဲထော်ကျေးရွာကို (၅) ရက်ဆက် ဗုံးကြဲမှုကြောင့် အရပ်သား (၁) ဦး သေဆုံးပြီး (၃) ဦး ဒဏ်ရာရ

**ဧပြီ ၁၈၊ ၂၀၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် သလွဲထော်ကျေးရွာကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အရပ်သား (၁) သေဆုံးပြီး ကလေးအပါအဝင် အရပ်သားပြည်သူ (၃) ဦးထက် မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသခံများက ပြောသည်။

၂၀၂၅ ဧပြီလ (၁၈) ရက်နေ့ မနက် (၉) နာရီဝန်းကျင်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ YAK-130 တိုက်လေယာဉ်ဖြင့် ပေါင် (၅၀၀) ဗုံးသီးဖြင့် ကျေးရွာအပေါ်သို့တိုက်ရိုက် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

“မနက်ပိုင်းမှာ ရုတ်တရက်ဗုံးကြဲချလိုက်တာ။ ဘယ်နှလုံးလဲဆိုတာ သေချာမသိဘူး။ အသက် (၅၀) အရွယ် အမျိုးသား (၁) ယောက် သေတယ်။ ကလေးတစ်ယောက်တော့ လက်မောင်းတစ်ဖက် ပြတ်သွားတယ်။ တခြားသူတွေလည်း ဒဏ်ရာပြင်းပြင်းထန်ထန်ရကုန်တယ်။ ဘာတိုက်ပွဲမှ မရှိဘူး။ သက်သက်လေယာဉ်နဲ့လာပြီး ဗုံးကြဲသွားတယ်။ ထိခိုက်ဒဏ်ရာရသူတွေကိုတော့ ဆေးရုံပို့လိုက်ပြီ။ ပေါင် (၅၀၀) ဗုံးလို့ ထင်တယ်။ တော်တော်ကြီးတယ်။ အိမ်တွေ ဘုန်းကြီးကျောင်းတွေလည်း ထိတယ်” ဟု သလွဲထော်ဒေသခံတစ်ဦးက ပြောသည်။

ကော့ကရိတ်မြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှု အပြင်းအထန်လုပ်ဆောင်ပြီးနောက် ယခုတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဧပြီလ (၁၇) ရက်နေ့ မနက် (၈) နာရီတွင်လည်း သလွဲထော်ကျေးရွာကို တိုက်လေယာဉ်ဖြင့် ဗုံးကြဲခဲ့ရာ သုံးဘီးယာဉ်မောင်းနှင်နေသည့် အမျိုးသား (၁) ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့သည်။

ဧပြီလ (၁၆) ရက်နေ့တွင် Y-12 တိုက်လေယာဉ်ဖြင့် မြောက်ကမ္ဘရိုက်ကျေးရွာကို ဗုံးကြဲခဲ့ပြန်ရာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ ကလေးအပါအဝင် (၄) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့သည်။

စစ်ကောင်စီက ကျုံဒိုးမြို့အနီးတဝိုက်ကို လေကြောင်းတိုက်ခိုက်မှုများ ရမ်းသမ်းလုပ်ဆောင်နေသဖြင့် ဒေသခံပြည်သူများအနေဖြင့် သတိဝီရိယဖြင့် နေထိုင်ကြရန် တော်လှန်ရေးအင်အားစုများက သတိပေးထားသည်။

လက်ရှိအချိန်တွင် ကမ်းနီအပါအဝင် အနီးအနားကျေးရွာ (၅) ရွာမှ ရာနှင့်ချီသော ဒေသခံပြည်သူများသည် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရပြီး နီးစပ်ရာတောတောင်၊ လယ်ကွင်းနှင့် လုံခြုံရာနေရာများတွင် ခိုလှုံနေရသည်။



# ကော့ကရိတ်တွင် တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီတပ်က လမ်းများကို ပိတ်ဆို့ထားသဖြင့် ဒေသခံများ ပိတ်မိနေ

**ဧပြီ ၂၂၊ ၂၀၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့အကြား ဖြစ်ပွားနေသည့်တိုက်ပွဲသည် ရက်သတ္တပတ် (၁) ပတ်ကျော် လာမြင့်လာပြီးနောက် ဒေသခံပြည်သူများ တိုက်ပွဲအကြားတွင် ပိတ်မိနေသည်။ စစ်ကောင်စီတပ်သားများက ဝင်ပေါက်ထွက်ပေါက်များအားလုံးကို ပိတ်ဆို့ထားသဖြင့် ဒေသခံပြည်သူများသည် စစ်ရှောင်ရန် အခက်အခဲဖြစ်နေသည်။ လေကြောင်းတိုက်ခိုက်မှုများ၊ ဒရုန်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းများ ဖြစ်ပေါ်နေသည်။

ဒေသခံပြည်သူများနှင့် လူ့အခွင့်အရေးစောင့်ကြည့်သူများ၏ ပြောကြားချက်အရ ဧပြီလ (၁၄) ရက်နေ့မှစ၍ တော်လှန်ရေးအင်အားစုများက ကော့ကရိတ် - ကျုံဒိုးလမ်းမတလျှောက်ရှိ စစ်ကောင်စီကင်းစခန်းများကို တိုက်ခိုက်ရာမှ တိုက်ပွဲပြင်းထန်လာသည်။ ဧပြီလ (၂၁) ရက်နေ့အထိ တိုက်ပွဲပြင်းထန်နေပြီး အထူးသဖြင့် ကော့ကရိတ်မြို့ မြောက်ဘက်နှင့် အနောက်ဘက်မြို့ပြင်နေရာများတွင် တိုက်ပွဲပိုမိုပြင်းထန်နေသည်။ စစ်ကောင်စီက ဒေသခံပြည်သူများ စစ်ရှောင်ခြင်းမပြုနိုင်ရန် တားဆီးနေပြီး အကူအညီပေးရေးလမ်းကြောင်းများကိုလည်း ပိတ်ဆို့ထားကြောင်း ဒေသခံများက ပြောသည်။

"တိုက်ပွဲဖြစ်နေတာ (၁) ပတ်ကျော် ကြာနေပြီ။ ကျွန်တော်တို့မှာ ရေနဲ့ အစားအစာ မရှိတော့ဘူး။ တချို့ ဗုံးခိုကျင်းထဲမှာ၊ တချို့က မြောင်းထဲမှာ ပုန်းနေကြရတယ်။ ကလေးနဲ့ သက်ကြီးရွယ်အိုတွေအတွက် အစားအစာနဲ့ ဆေးဝါးတွေ အမိကလိုနေတယ်" ဟု ကော့ကရိတ်မြို့တွင်း၌ ပိတ်မိနေသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဒေသခံပြည်သူ (၇,၅၀၀) ကျော်က ကော့ကရိတ်မြို့ကို စွန့်ခွာသွားပြီးဖြစ်သည်ဟု ကူညီကယ်ဆယ်ရေးလုပ်သားများက ခန့်မှန်းထားသည်။ သို့သော် မြို့တွင်း၌ပိတ်မိနေသူများ ရာထောင်ချီ ရှိနေဆဲဖြစ်သည်။ အများစုသည် အကြောက်တရားအောက်တွင် နေထိုင်နေရပြီး တိုက်ပွဲကြောင့် သေဆုံးမည်လော၊ အစာရေဆာပြတ်လပ်၍ သေဆုံးရမည်လော စိုးရိမ်ပူပန်နေရသည်။ ပြည်သူများကို စစ်ရှောင်ခွင့်ပြုရန် ဘာသာရေးခေါင်းဆောင်များက စစ်ကောင်စီနှင့် သွားရောက်ဆွေးနွေးသော်လည်း အဆင်မပြေချေ။

"လူတွေက ရှိစုမဲ့စုအစာခြောက်တွေ လက်ကျန်ရေတွေနဲ့ အသက်ဆက်နေရတယ်။ စစ်တပ်က သူတို့ကို စစ်ရှောင်ခွင့်မပေးဘူး။ အစားအစာသောက်တွေလည်း သွင်းလို့မရဘူး။ အကုန်လုံး ပိတ်ထားတယ်။ ဗုံးကြဲခံရပြီး သေမလား၊ အစာငတ်ပြီး သေမလား ထိုင်စောင့်နေရသလို ဖြစ်နေတယ်" ဟု မြို့တွင်း၌ပိတ်မိနေသူ အခြားပြည်သူတစ်ဦးက ပြောသည်။

စစ်ကောင်စီက မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများကို ပိုမိုလုပ်ဆောင်နေသဖြင့် အခြေအနေများ ပြင်းထန်လာသည်။ မကြာသေးခင်က ကော့ကရိတ်၊ ဘီးလင်းနှင့် ထားဝယ်မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များကို ဗုံးကြဲတိုက်ခိုက်မှုကြောင့် လူထိခိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်းကပင် ဘီးလင်းမြို့နယ် မင်းစောကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းကို ဗုံးကြဲခဲ့သဖြင့် အသက် (၁၀) နှစ်အရွယ် ကိုရင်ငယ် (၁) ပါးနှင့် ဒေသခံအမျိုးသမီး (၂) ဦး သေဆုံးခဲ့ပြီး (၈) ဦး ဒဏ်ရာရခဲ့သည်။


ဒေသတွင်းလူမှုအကူအညီများ မပေးအပ်နိုင်ချိန်တွင် နယ်စပ်ဖြတ်ကျော်အကူအညီများလည်း ဆိုးဆိုးရွားရွား ကန့်သတ်ခံထားရသည်။ ထိုင်း-မြန်မာ အရှေ့ဘက်နယ်စပ်တလျှောက် ပိတ်သိမ်းထားရဆဲဖြစ်ပြီး အစားအသောက်၊ ဆေးဝါးနှင့် အမိုးအကာများကဲ့သို့သော ကူညီထောက်ပံ့ရေးပစ္စည်းများ မရရှိနိုင်ချေ။ တိုင်းရင်းသားဒေသများတွင် ဝန်ဆောင်မှုပေးနေသည့်အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပေးဝေနေသူများကို ထောက်ပံ့မှုရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်သည့် အမေရိကန်နိုင်ငံ၏ တချက်လွှတ်အမိန့်က လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းကို ပိုမိုဆိုးရွားစေသည်။

ကော့ကရိတ်မြို့နယ်တွင် ကျေးရွာ အနည်းဆုံး (၄၂) ရွာမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်ဟု ကူညီကယ်ဆယ်ရေးလုပ်သားများက ခန့်မှန်းထားသည်။ ထို့ကြောင့် ကရင်ပြည်နယ်နှင့် အနီးအနားဒေသတွင် စစ်ရှောင်သူဦးရေ (၁) သိန်းနီးပါး အသစ်တိုးပွားလာသည်။ အစားအစာ၊ ဆေးဝါးနှင့် အမိုးအကာ လိုအပ်ချက်များ မြင့်မားလာသော်လည်း နိုင်ငံတကာအကူအညီများ ရရှိခြင်း မရှိသေးချေ။

"နိုင်ငံတကာအဖွဲ့အစည်းတွေက ချက်ချင်းဝင်ရောက်ကူညီခွင့် ရစေချင်တယ်။ စစ်ကောင်စီက လူတွေ အသက်မဆက်နိုင်အောင် လုပ်နေတယ်။ ဘယ်သူမှ မလုံခြုံဘူး။ ဘယ်ကအကူအညီကိုလည်း မရဘူး" ဟု ဒေသခံစေတနာ့ဝန်ထမ်းတစ်ဦးက ပြောသည်။

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်

**ဇန်နဝါရီလမှ ဧပြီလအထိ ၂၀၂၅**




မွန်ပြည်နယ် - ၃ ကြိမ်


ကရင်ပြည်နယ် - ၁ ကြိမ်

တနင်္သာရီတိုင်းဒေသ - ၅ ကြိမ်





**အမျိုးသား - ၇ ဦး(၅ ဦးဒဏ်ရာရ/ ၂ ဦးသေဆုံး) ၊ အမျိုးသမီး - ၆ ဦး(၅ ဦးဒဏ်ရာ၊ ၁ ဦးသေဆုံး)၊ ကလေးသူငယ် ၄ ဦးဒဏ်ရာ**


# ၂၀၂၅ ဇန်နဝါရီကနေ ဧပြီလအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်





ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၅၁) ဦး၊ အမျိုးသမီး(၁၅)ဦး၊အမျိုးသား(၁၉)ဦး၊ ကလေးသူငယ်(၁၇)ဦး




သေဆုံးသူ စုစုပေါင်း (၁၅) ဦး၊ အမျိုးသမီး(၈)ဦး၊အမျိုးသား(၇)ဦး၊ ကလေးသူငယ်(၀)ဦး



# ၂၀၂၅ ဇန်နဝါရီကနေ ဧပြီလအထိ ဒရုန်း နှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်




102

65

19

18



ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၁၀၂) ဦး၊ အမျိုးသမီး(၁၉)ဦး၊အမျိုးသား(၆၅)ဦး၊ ကလေးသူငယ်(၁၈)ဦး

19

9

5

5


သေဆုံးသူ စုစုပေါင်း (၁၉) ဦး၊ အမျိုးသမီး(၅)ဦး၊အမျိုးသား(၉)ဦး၊ ကလေးသူငယ်(၅)ဦး

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၅ ဧပြီလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၃၁၀) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၁၈၅) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၁၄၈) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၄၅) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

### ၂၀၂၅ ဧပြီလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဧပြီလ ၂၀၂၅



# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဧပြီလ ၂၀၂၅

## Kyike Hto Township

1. Artillery Attack and injured- 3 times
2. Arrested and killed



## Bilin Township

1. Air assault and Killed




## Mawlamyine Township

1. Extort money

## Mudon Township

1. Rule of Law
2. Arrested local civilians
3. Extrot money




## Paung Township

1. Extort money
2. Arbitrarity arrested

## Kyaikmayaw Township

1. Rule of Law- 2 cases

## Ye Township

1. Threat of life
2. Livelihood

## Thanbyuzayat


1. Artillery Attack & Injured
2. Rule of Law



**Total Cases in Mon State - 18 Cases**

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဧပြီလ ၂၀၂၅

## Karen State




### Phar Pon Township

1. Air assault and injured
2. Landmine and injure

### Kaw Ka Rate Township - 15 cases

1. Artillery attack and killed
2. Artillery Attack and injured
3. Air assault and killed - 8 Times
4. Fled home and IDPs- 2 times
5. Displacement
6. Extort money
7. Artillery Attack and injured



### Three Pagoda Pass Town

1. Shot and killed

**Total Cases**
**18 cases**

# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဧပြီလ ၂၀၂၅

## Yephyu Township- 11 cases

1. Extort money
2. Cuf-off Telecomunication
3. Fled home and IDPs
4. Arbitrarily arrested
5. Arrested local civilians
6. Fled home and IDPs- 3 cases
7. Arrested local civilians
8. Cuf-off Telecomunication
9. Displacement

## Lon Long Township

1. Killed
2. Arrested local civilians
3. Arbitrarily arrested
4. Arrested local civilians

## Dawei Township-3cases

1. Air assault and Killed
2. Livelihood
3. Fled and IDPs


## Tha Yet Chaung

1. Air assault and Killed
2. Fled and IDPs

## Kaw Thaung

1. Rule of Law

# Total Cases - 21



# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

ဧပြီလ ၂၀၂၅

## Mon State

**IDPs -20,000**

**Killed -9**

**Injured - 35**

## Karen State

**IDPs -37,000 +**

**Killed -22**

**Injured -65**

## Tanintharyi Region

**IDPs -33,500**

**Killed -14**

**Injured -48**



မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

## ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

### စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND